# မူဝါဒပေါ်လစီ JICC - ဘတ်စ်ကားများပေါ်တွင် ကျောင်းသား အပြုအမူ (1214F)

မူဝါဒပေါ်လစီ JICC-R နှင့် EEAEC, ဘတ်စ်ကားများပေါ်တွင် ကျောင်းသား အပြုအမူအား ကြည့်ရှုပါ။

အောက်တိုဘာလ ၁၅ရက်၊ ၂၀၀၉ တွင် ပြန်လည်စစ်ဆေးသည်

CROSS REFS.: JICC-R, ဘတ်စ်ကားများပေါ်တွင် ကျောင်းသား အပြုအမူ

JK နှင့် JK-R, ကျောင်းသား စည်းမျဉ်းစည်းကမ်း

EEAEC, ဘတ်စ်ကားများပေါ်တွင် ကျောင်းသားအပြုအမူ

CONTRACT REF.: ATU သဘောတူညီချက်၊ ဆောင်းပါး 16 - ကျောင်းဝန်ထမ်းနှင့် ဘတ်စ် အော်ပရေတာ ဆက်ဆံရေးများ

1. တာဝန်ရှိသူ ကျောင်းအရာရှိမှ အထူးခွင့်ပြုချက်ပေးထားသော အခြေနေမှလွဲ၍၊ အထူးလမ်းကြောင်း သို့မဟုတ် လေ့လာရေးခရီးအတွက် ဘတ်စ်ကားများပေါ်သို့ ပုံမှန် နေရာချခြင်းခံရသော ကျောင်းသားများနှင့် ကျောင်း ဝန်ထမ်းများသာလျှင် ကျောင်းကားပေါ်တွင် စီးနင်းလိုက်ပါခွင့် ရရှိပေလိမ့်မည်။

2. မှတ်တိုင် သို့မဟုတ် လာရောက်ခေါ်ယူမည့် နေရာမှတ်တွင်ရှိစဉ် ကျောင်းသားသည် အောက်ပါတို့အား ပြုလုပ်ရပေမည်-

a. စီစဉ်တကျရှိသော အပြုမူဖြင့် မိမိတို့ကိုယ်တိုင် ပြုမူရမည်
b. စည်းကမ်းမဲ့ အမိုက်စွန့်ပစ်ခြင်း ရှောင်ရှားရမည်
c. လမ်းလယ်မှ အဝေးတွင် စောင့်နေရမည်
d. အနီးနားရှိ ပုဂ္ဂိုလ်ရေးရာပိုင်ဆိုင်မှုအခွင့်ရေးများအား လေးစားသမှုရှိရမည်

3. ဘတ်စ်ကားပေါ်သို့တက်ရောက်ပြီးသည်နှင့် ကျောင်းသားများသည်ချက်ခြင်းမိမိနေရာတွင်မိမိ နေရာယူရပေမည်။ ထိုင်ခုံများအားကြိုတင်နေရာဦးထားခြင်းမပြုရပေ။ကားမောင်းသူသို့မဟုတ်ဘတ်စ်ကားလက်ထောက်သည်ကျောင်းသားများ၏ ထိုင်ခုံနေရာအားနေရာချပေးသင့်ပြီး၊ ကျောင်းသားများသည် လိုက်နာမှုပြုရမည်ဖြစ်သည်။ ဘတ်စ်ကား ရွေ့လျားနေစဉ်အတွင် ကျောင်းသားများသည်မိမိတို့၏နေရာတွင် ငြိမ်ငြိမ်ထိုင်နေရပေမည်။

4.　　ကျောင်းသားများသည် ပြတင်းတံခါးများသို့မဟုတ် အရေးပေါ်တံခါးများအား ၊ ကားမောင်းသူသို့မဟုတ် ဘတ်စ်ကားလက်ထောက်ထံထိုသို့ပြုရန်ခွင့်ပြုချက်တောင်းဆိုချိန်မှလွဲ၍ ၊ ဖွင့် သို့မဟုတ် ပိတ်ခြင်းမပြုသင့်ပေ။ ကျောင်းသားများသည် ၎င်းတို့၏လက်မောင်းများနှင့် ခေါင်းများအားဘတ်စ်ကား အတွင်းတွင်ထားရှိရပေမည်။

5.　　ဘတ်စ်ကားပေါ်တွင်ခရီးသည်တစ်ဦး ရှိနေစဉ်တွင်ကျောင်းသားများသည် အောက်ပါတို့အားမပြုရပေ-

a.　ဆေးလိပ်သောက်ခြင်း (ပြည်နယ် စည်းမျဉ်းသတ်မှတ်ချက်)

b.　မည်သည့် အရာဝတ္ထုမဆိုအား ပစ်ပေါက်ခြင်း

c.　ကားမောင်းသူအား အနှောင့်ယှက်ပေးခြင်း

d.　အမှိုက်စွန့်ပစ်ခြင်း

e.　ကျယ်လောင်သော သို့မဟုတ် မလိုအပ်သော ဆူညံသံများ ပြုလုပ်ခြင်း

f.　အစားသောက် စားသုံးခြင်း သို့မဟုတ် ဖျော်ရည်ယမကာများသောက်သုံးခြင်း

g.　အခြားခရီးသည်တစ်ဦးဦး၏ ကျန်းမာရေး သို့မဟုတ် လုံခြုံအန္တရာယ်ကင်းရေးအား အန္တရာယ်ဖြစ်ကောင်းဖြစ်စေမည့်အိုင်တမ်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း

6.　　ထိုင်ခုံနေရာများတွင်အပျက်အစီးများ သို့မဟုတ် ဘတ်စ်ကား၏ အခြားသောအစိတ်အပိုင်းများတွင်ပျက်စီးမှုမှန်သမျှအား ကျောင်းသားအနေဖြင့်ကားမောင်းသူ သို့မဟုတ်ဘတ်စ်ကားလက်ထောက်ဖြစ်သူထံသို့အစီရင်ခံအကြောင်းကြားရန် တိုက်တွန်းလိုသည်။

7.　　ဘတ်စ်ကားပေါ်မှဆင်းထွက်သွားသောကျောင်းသားများအနေဖြင့် ဘတ်စ်ကားနောက်မှ ကပ်ပြေးလိုက်ခြင်းမည်သည့်အခါမျှမပြုရပေ။ ကျောင်းသားများအနေဖြင့်လမ်းကူးခြင်းများအတွက်ယာဉ်စည်းကမ်းထိန်းချုပ်မှုများအားလိုက်နာသင့်ပေသည်။ အကယ်၍ကျောင်းသားများသည် ဘတ်စ်ကားအရှေ့မှဖြတ်ကူးရမည်ဆိုလျှင် ဘတ်စ်ကား၏ အရှေ့ ၁၀ပေနီးပါး အကွာမှ ထိုသို့ ဖြတ်ကူးရပေမည်။

8.　　ဘတ်စ်ကား စီးရန်ခွင့်ပြုချက်အဖြစ်ကျောင်းတစ်ကျောင်းစီအားဖြင့်ထောက်ပံ့ပေးထားသော သင့်တော်ရာအထောက်ထားများအားပြသရန်တောင်းဆိုလာခဲ့လျှင် အလယ်တန်းနှင့်အထက်တန်းကျောင်းသားများမှပြသခြင်းပြုရပေမည်။

ဤစည်းမျဉ်းများမှန်သမျှအားကျောင်းသားတစ်ဦးဦးမှချိုးဖောက်လာခဲ့လျှင် ကျောင်းအုပ် သို့မဟုတ် တာဝန်ပေးအပ် ခြင်းခံရသူ ထံသို့အကြောင်းကြားရန်မှကားမောင်းသူ သို့မဟုတ်ဘတ်စ်ကားလက်ထောက်၏တာဝန်ပင်ဖြစ်ပေသည်။

မူဝါဒပေါ်လစီ JK နှင့် JK-R (ကျောင်းသား စည်းမျဉ်းစည်းကမ်း) သည် ကျောင်းကားများ၊ ခရိုင်ဒေသယာဉ်များ၊ သို့မဟုတ်ခရိုင်ဒေသမှ အသုံးပြုရန်ထောက်ပံ့ပေးထားသော ပို့ဆောင်ဆက်သွယ်ရေးမှန်သမျှပေါ်တွင်ကျောင်းသားများမှမှားယွင်းစွာပြုမူသို့ ဆက်နွယ်နေသော ကျောင်းသားစည်းမျဉ်းစည်းကမ်းများအားထိန်းချုပ်သည်။

လက်ရှိကျင့်သုံးမှု ကုဒ် ၁၉၉၃

အောက်တိုဘာလ ၁၅ရက်၊ ၂၀၀၉ တွင် ပြန်လည်စစ်ဆေးသည်